ဆားမလောက်ကျေးရွာ

လပွတ္တာမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

# ( ၂၀၂၂-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ဆားမလောက်ကျေးရွာ၊ လပွတ္တာမြို့နယ်

( သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည် )

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

စကားချီး

ဆားမလောက်ကျေးရွာ သယံဇာတပြမြေပုံ

ဆားမလောက်ကျေးရွာ ရာသီခွင်ပြမြေပုံ

ဆားမလောက်ကျေးရွာ( Venn Diagram) အဖွဲ့အစည်းပြမြေပုံ

အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (၁)

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၂ -၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ် မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီး သော အချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင် ရှိပါသသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး၊ လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင် ပေးရုံသာမကာ နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက် အလက်တို့၏ အရေး ပါမှုကို သိရှိရုံ သာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ် ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုး တက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ် များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင် လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်း စစ်သုံး သပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာ ဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြု ဇယား စသည်တို့ကို အဓိကထား ဖော်ပြ ထားပါသည်။

စက်တင်ဘာလ၊ ၂၀၂၂

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ဆားမလောက်ကျေးရွာ

လပွတ္တာမြို့နယ်

# ဆားမလောက်ကျေးရွာသယံဇာတပြမြေပုံ၊လပွတ္တာမြို့နယ်



# ဆားမဆောက်ကျေးရွာရာသီခွင်ပြမြေပုံ၊လပွတ္တာမြို့နယ်



လပွတ္တာမြို့နယ် ဘေးဝဲပေါက်ကျေးရွာအုပ်စု ဆားမဆောက်ကျေးရွာ ရာသီခွင်ပြမြေပုံ

| အကြောင်းအရာ | ဇွန် / နယုန် | ဇူလိုင် / ဝါဆို | ဩဂုတ် / ဝါခေါင် | စက်တင်ဘာ / တော်သလင်း | အောက်တိုဘာ / သီတင်းကျွတ် | နိုဝင်ဘာ / တန်ဆောင်မုန်း | ဒီဇင်ဘာ / နတ်တော် | ဇန်နဝါရီ / ပြာသို | ဖေဖော်ဝါရီ / တပို့တွဲ | မတ် / တပေါင်း | ဧပြီ / တန်ခူး | မေ / ကဆုန် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ်အကိုင် | | ကောက်စိုက် | ကောက်စိုက် | | | | ကောက်ရိတ် | [illegible] | | | [illegible] | |
| မိသားစုဝင်ငွေ | ညံ့ | သင့် | သင့် | ညံ့ | ညံ့ | သင့် | သင့် | သင့် | ညံ့ | ညံ့ | သင့် | ညံ့ |
| အသုံးစရိတ် | နည်း | များ | များ | နည်း | နည်း | များ | များ | များ | နည်း | နည်း | များ | နည်း |
| ချေးငွေလိုအပ်မှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ဝမ်းစာပူပန်မှု | ညံ့ | သင့် | သင့် | ညံ့ | ညံ့ | သင့် | သင့် | သင့် | ညံ့ | ညံ့ | သင့် | ညံ့ |
| သောက်သုံးရေရရှိမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | နည်း | နည်း |
| တိရစ္ဆာန်အစားအစာရှိ | နည်း | နည်း | နည်း | နည်း | သင့် | သင့် | နည်း | သင့် | သင့် | နည်း | နည်း | နည်း |
| ကျန်းမာရေးအခြေအနေ | ညံ့ | ညံ့ | သင့် | သင့် | သင့် | သင့် | ညံ့ | ညံ့ | သင့် | သင့် | သင့် | ညံ့ |
| [illegible] မိုးသွားကျရောက်မှု | သင့် | သင့် | သင့် | သင့် | သင့် | သင့် | ရှိ | ရှိ | သင့် | ရှိ | သင့် | သင့် |
| ပွဲတော် | | | | | | | | | | | | |
| ရာသီဥတုအခြေအနေ | | | | | | | | | | | | |

ရည်ညွှန်းချက်
- ဆီမီးထွန်း
- ဝါဆိုသင်္ကန်းကပ်
- ကထိန်ပွဲတော်
- စာဆိုတော်ပွဲ
- ထမနဲပွဲ
- ဘုရားပွဲတော်
- သင်္ကြန်ပွဲတော်
- ညောင်ရေသွန်းပွဲ
- နေသာ
- တိမ်ထူထပ်
- မိုးဖွဲဖွဲကျ
- မိုးသည်းထန်

# ဆားမလေသက်ကျေးရွာ၏အဖွဲ့အစည်းပြမြေပုံ(Venn Diagram)



# အပိုင်း (က)

# ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဆားမလောက်ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ဘေးပေါက်ကျေးရွာအုပ်စု အတွင်းတွင်တည်ရှိပါသည်။ ဆားမလောက်ကျေးရွာ ရှိလမ်းများမှာ များသောအား ဖြင့် မြေသာလမ်းဖြစ်ပါသည်။ လမ်းအရှည်မှာ(၁၈၅၀)ပေရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင်ချောင်းရှိပါသည်။ ပြန်မလောမြစ်၏ လက်တန်နှဲခွဲစခန်းချောင်း၊ရေကျော်ချောင်းကမ်း ဘေးတွင်တည်ရှိပါသည်။ကန်ဘက် မြစ်ဝနှင့်၃မိုင်ခန့်ကွာဝေးပါသည်။ ရွာ၏အနောက်ဘက်တွင် ဆည်မြောင်းပတ္တာရှိပါသည်။ ရွာနှင့်ပတ္တာကြားတွင် ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် ဆေးခန်း၊ ဓမ္မာရုံ၊ဘုရားရှိပါသည်။ ကျေးရွာ၏အနောက်ဘက်တွင်လယ်ကွင်းများရှိပါသည်။ ရွာ၏ မြောက်ဘက်တွင် စခန်းချောင်းကျေးရွာနှင့်နယ်ခြားချောင်းဦးတို့ရှိပါသည်။ တောင်ဘက်တွင် ကဘလူးကျေးရွာရှိပြီး(၂)မိုင်ခန့်အကွာတွင်ကဘလူးကျေးရွာရှိပါသည်။ရေလမ်းဖြင့်သာသွားလာရပါ သည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မမှာ (၃၀)ခန့်ဖြစ်ပြီး နှစ်စဉ် ပျမ်းမျှ နေပူချိန် (၃၂ °C) အထက်ရရှိသည်။ ကျေးရွာတွင် ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလများတွင် နေပူရှိန်ပူပြင်း၍ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများတွင် မိုးများသောကြောင့် ရေကြီးလေ့ရှိပါသည်။ ထို့ကြောင့် ကျေးရွာရှိ တောင်သူ လယ်သမား အချို့မှာ သီးနှံစိုက်ခင်းများ ပျက်ဆီးလေ့ရှိပါသည်။ လယ်ယာမြေများမှ မြေဩဇာအခြေ အနေမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်ကေပေါင်း (၄၀၁) ရှိ ပြီး တစ်ချို့သော တောင်သူများမှာ တစ်ပိုင်တစ်နိုင် ရာသီပေါ်သီးနှံများ လုပ်ကိုင်ကြပြီး ဥယျာဉ်ခြံ မြေများ ပိုင်ဆိုင်ကြပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့မှာ အမျိုးသား (၁၃)ဦးနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းကော်မတီတွင် အမျိုးသား (၁၀)ဦးနှင့် အမျိုး သမီး (၅)ဦး သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်းရုံးလုပ်ဆောင်ပါသည်။ ကျောင်းအကျိုး တော်ဆောင်အဖွဲ့တွင် အမျိုးသား (၇)ဦး၊ အမျိုးသမီး (၅)ဦးတို့ရှိပြီး ရွာရှိ စာသင်ကျောင်းတွင် ဆရာ/ ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်လျှက်ရှိပါသည်။ ဂေါပကအဖွဲ့တွင် အမျိုးသား (၁၀)ဦး၊ အမျိုးသမီး (၅)ဦးရှိပြီး ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဘာသာရေးနှင့် တရားဓမ္မလုပ်ငန်းများ ပြန့်ပွားအောင် ဆောင်ရွက်လျှက်ရှိပါသည်။ အမျိုးသမီးရေး ရာအဖွဲ့မှာ(မ-၇)ဦးရှိပြီး ကိုယ်ဝန်ဆောင်မိခင်များ

နှင့်ကလေးငယ်များ ကျန်းမာရေး ကိစ္စများကို ဆောင်ရွက်ပေးပါသည်။ ကျောင်းကော်မတီအဖွဲ့မှာ(ကျား-၅)ဦး(မ-၄)ဦး ရှိပြီး ပညာရေးနှင့် ပတ်သတ်သည့် လုပ်ငန်းများကို လုပ်ဆောင်ကြပါသည်။ အရံမီးသတ်တပ်ဖွဲ့ အမျိုးသား(၆)ဦး၊ပြည်သူ့စစ်အဖွဲ့အမျိုးသား(၂၀)ဦးတို့သည့်လုံခြုံရေးနှင့်ကာကွယ်ရေးလုပ်ငန်းများလုပ်ဆောင်ကြပါသည်။

ကျေးရွာတွင် အုပ်ချုပ်ရေး၊ဖွံ့ဖြိုးရေးလုပ်ငန်းအများနှင့်ဆိုင်သော သာရေး၊နာရေးလုပ်ငန်းကိစ္စများ တွင် ဝိုင်းဝန်းဆောင်ရွက်ကြသော လူငယ်အဖွဲ့၊ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းကော်မတီတို့မှာဆောင်ရွက်မှုအားကောင်းကြောင်းတွေ့ရှိရပါသည်။ပညာရေးဆိုင်ရာကိစ္စများပတ်သတ်၍ ကျောင်း ကော် မတီအဖွဲ့အစည်းကိုလည်းဖွဲ့စည်းထားပါသည်။

ဆားမလောက်ကျေးရွာ၏ ပြင်ပအဖွဲ့အစည်းများအနေဖြင့် ပတ်မြန်မာ၊ပုသိမ် WHH၊ လပွတ္တာစုပေါင်းရောမြန်မာ့စီးပွားရေးအဖွဲ့ မှ အိမ်ထောင်စုရှိ အမျိုးသမီးများ အား အသေးစားငွေစု/ငွေချေးလုပ်ငန်းများအား ဆောင်ရွက် ပေးပါသည်။ ထို့အဖွဲ့အစည်းမှ စိုက်ပျိုး ရေးချေးငွေ၊ ပညာရေးချေးငွေ၊ ကျန်းမာရေးချေးငွေနှင့် စက်မှုလုပ်ငန်း ချေးငွေ စသောခေါင်းစဉ်များ ဖြင့် ချေးယူသုံးစွဲကြပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ဆားမလောက်ကျေးရွာတွင် (၂.၅)ကေမှ (၅)ကေ ကြား အိမ်ထောင်စု (၁၅)စု၊ (၅)ကေမှ (၂၀)ကေ ကြား အိမ်ထောင်စု (၁၂)စုနှင့် (တို့ရှိပြီး အဓိကမှ မိုးရာသီ တွင် စပါးကိုသာအားထား စိုက်ပျိုးကြပါသည်။ ကျေးရွာ၏ အဓိက ဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေး နှင့် ရေလုပ်ငန်းတို့ကိုလုပ်ကိုင်ကြပြီး ဝင်ငွေရှာဖွေကြပါသည်။ ကြိမ်ကုန်းကြီးကျေးရွာရှိ မြေဆီလွှာများ မှာ အရည်အသွေးအားဖြင့် အသင့်အတင့် ကောင်းမွန်ပြီး စိုက်ပျိုးလယ်ကေ ပိုင်ဆိုင်မှုများ (၄၀၁)ကေ၊ ဥယျာဉ်ခြံမြေ(၂၆)ကေနှင့်ခနိမြေ(၅)ကေရှိပါသည်။

ဆားမလောက်ကျေးရွာသည် စိုက်ပျိုးမြေပိုင်ဆိုင်မှုအိမ်ထောင်စု(၃၄) မြေကေပိုင်ဆိုင်ပိုင်ဆိုင်ကြပြီး မြေယာမဲ့ပိုင်ဆိုင်မှုမှာ(၉၇)အထိရှိကြပြီး မြေယာမဲ့အိမ်ထောင်စု(၉၇) စုမှာနေ့စားကျပမ်းရေလုပ်ငန်း အရောင်းအဝယ်၊ ပြည်တွင်းသွားရောက်လုပ်ကိုင်ကြပါသည်။ ကျေးရွာ၏ စပါးစိုက်ပျိုးကေ (၄၀၁)ကေ အားလုံးအတွက် အရင်းအမြစ်ကို ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ပေးထားသော ပတ္တာအတွင်းမိုးရေခံ၍ ရေလှဲဆည်မှာ အလျော့အတင်းပြုလုပ်၍ သုံးစွဲပါသည်။ နွေစပါး၊မိုးစပါးစိုက်ပျိုး၍ရပါသည်။

ကျေးရွာအဓိကစိုက်ပျိုးသီးနှံမှာစပါးဖြစ်ပါသည်။စပါးအထွက်နှုန်းမှာနှစ်စဉ်ပုံမှန်မရှိရာသီဥတု အပေါ်မူတည်၍ထွက်ပါသည်။ စပါးတစ်မျိုးထဲကိုသာစိုက်ပျိုးပြီး တစ်ဧက ပျမ်းမျှ အထွက်နှုန်း(၄၅)တင်းခန့်သာထွက်ရှိပါသည်။ ငွေကြေး(မြေသြဇာ၊ စက်ဆီ) အလက်အခဲများ ကြောင့်နွေစပါးဧကအပြည့်မစိုက်နိုင်ကြောင်းတွေ့ရှိရပါသည်။ကျေးရွာရှိစိုက်ပျိုးရေးကိရိယာပိုင်ဆိုင် မှုမှာ ထွန်စက်(၁၃)စီး၊ ခြွေလှေ့စက်(၅)၊ရေစုတ်စက်(၁၇)စီးစသည့်များ အသီးသီးရှိကြပါသည်။ စိုက်ပျိုးရေးသုံးစက်ပစ္စည်း များကိုပိုင်ဆိုင်မှုမရှိသောတချို့တောင်သူများသည် ငှားရမ်းအသုံးပြုကြ ပါသည်။

ရေလုပ်ငန်းလုပ်ကိုင်သူများ၏ ပိုင်ဆိုင်မှုမှာအခြေအနေမှာ လှေ(၄)စီး၊ စက်လှေ(၃၈) အိမ်ထောင် စု အသီးသီးမှပိုင်ဆိုင်ကြပြီး အသက်မွေးဝမ်းကြောင်းအထောက်ကူပြု ပစ္စည်းများဖြစ်ပါ သည်။ ကျေးရွာရှိ အမျိုးသမီးအများစုသည် အခြားဝင်ငွေရလုပ်ငန်းအနေဖြင့်တစ်ပိုင်တစ်နိုင် ကြက်၊ဝက်၊ဘဲများ မွေးမြူကြပါသည်။ တချို့သော အမျိုးသမီးများသည် ခေါက်ရွက်ဗျက်ထိုး ဈေးရောင်းခြင်း၊ကုန်ခြောက်ရောင်းခြင်း ကျောင်းတွင်းမုန့်ပဲသရေစာ များရောင်းခြင်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အစိုးရဝန်ထမ်းအချို့လုပ်သူများလဲရှိကြပါသည်။ အချို့သော အိမ်ထောင်စု များမှာ ရန်ကုန်-မန္တလေးမြို့ကြီးများတွင်ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်သူများလဲရှိကြပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင်နွားမွေးမြူထားသည့်အိမ်ထောင်စုမရှိပါ၊ဆိတ်မွေးသည့်အိမ်ထောင်စု(၂)စုကော င်ရေ(၁၁)ကောင်၊ဝက်မွေးသည့်အိမ်ထောင်စု(၃၀)မှဝက်ကောင်ရေ(၄၇)ကောင်၊ကြက်မွေးသည့်အိမ် ထောင်စု(၄၇)မှာအကောင်ရေ(၈၆၂)ရှိပြီး တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ကိုင်ကြပါသည်။ မွေးမြူ ရေးနှင့် ရေလုပ်ငန်းကိုစီးပွားဖြစ်အဓိကလုပ်ကိုင်သူများအနည်းငယ်သာရှိပြီး အများစုမှာ တစ်နိုင် တစ်ပိုင်မွေးမြူကြပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ဆားမလောက်ကျေးရွာသည် တစ်ပိုင်တစ်နိုင် ဈေးဆိုင်ငယ်များဖြင့် အရောင်း အဝယ်လုပ်ငန်း များ ကို ဦးစားပေးလုပ်ကိုင်ကြပါသည်။ လက်သမား၊ ပန်းရံ့လုပ်ငန်းများ အနည်း ငယ် လုပ်ကိုင် ကြပြီး ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်း လုပ်ကိုင် နေကြသော မိသား စု ဝင် များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/ အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့် လိုက်လျောညီထွေ ဖြစ်သော အတတ်ပညာ များကျွမ်းကျင်စွာ တက်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများနှင့်နဉယ်မြေရပ်ခြားဒေသတို့တွင်

လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အားရှားပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်တတ်သော အခြားဒေသထွက် ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့် ရှိသောလည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ငွေရေးကြေးရေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သောချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် (၁၅၀၀၀၀)ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပါသည်။ ပုဂ္ဂလိက ငွေကြေးအဖွဲ့အစည်းအနေဖြင့် ပတ်မြန်မာ၊စုပေါင်းရောလယ်သမားအဖွဲ့)လပွတ္တာမှလည်းဆားမလောက်ကျေးရွာစွမ်းရိထက်အဖွဲ့သို့ မျိုးသန့်စပါးများစိုက်ပျိုးရန်ချေးငွေများနှင့်သွင်းအားစုဖြစ်သောဒီဇယ်၊ဓာတ်ဆီ၊မြေသြဇာများကို သေးစားချေးငွေအဖွဲ့ အစည်းအနေဖြင့် ကျေးရွာရှိအမျိုးသမီးအဖွဲ့များသို့ ချေးငွေများထုတ်ချေးလျှက်ရှိပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကိုအဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင်းတွင် ချေးငွေလိုအပ်ချက်များ ပြားကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲ အိမ်ထောင်စုများသည် (၃ ကျပ်တိုးနှုန်းမှ ၁၀ ကျပ်တိုးနှုန်း)အထိ တိုးယူကြရကြောင်းတွေ့ရပါသည်။

အစိုးရ၏ လိုအပ်သော ချေးငွေကို အချိန်မီမရရှိခြင်း ကာလတို ချေးငွေဖြစ်နေခြင်းတို့ကြောင့် ပုဂ္ဂလိကငွေချေးများ၏ အတိုးကြီးချေးငွေများကို လယ်သမားအများစုမှာ မှခိုချေးယူနေရပါသည်။ အတိုးနှုန်းထားများမှာ တစ်ဦးနှင့်တစ်ဦးမတူညီသော်လည်း အနည်းဆုံးတစ်နှစ်လျှင်(၃၆%)တိုးမှ အများဆုံး(၆၀%)ထိ ချေးယူသုံးစွဲကြပါသည်။ အစိုးရဘဏ်ချေးငွေ အတိုးကြီးပုဂ္ဂလိက ချေးငွေများ အားလုံးသည် ကာလတိုချေးငွေ များဖြစ်သည့်အတွက် စပါးဈေးမြင့်သော မေလ၊ ဇွန်လများမှာ စပါးတင်း(၁၀၀)လျှင်(၃)သိန်းကျပ်မှ(၄)သိန်းကျပ်ထိ ပုံမှန်ကွာခြားပါသည်။

## ၅။ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ဆိပ်ခံတံတားမှာ ကွန်ကရစ်တံတားဖြစ်ပြီး ပျက်စီးနေပါသည်။ ကန်ဘက်မြစ်မြစ်လက်တက်ကွဲကမ်းနဖေးတွင်ရှိသောကြောင့် ရေကြောင်းဖြင့် ကုန်စည်ပို့ဆောင်ရေးအဖြစ်စက်လှေသဘ်ောများဖြင့် နီးစပ်ရာမြို့ကြီးများသို့တင်ပို့ခြင်းတွင် တစ်နှစ်ပတ်လုံးလုပ်ကိုင်ကြပါသည်။

သယ်ယူပို့ဆောင်ရေးအတွက်ရေလမ်းသာအသုံးပြု၍ရပါသည်။ကျေးရွာ၏သယ်ယူပို့ဆောင်ရေးအတွက်ယာဉ်အသုံးချမှုမှာလှေ(၄)စင်း၊စက်လှေ(၃၈)စင်း၊သောက်သုံးရေအနေအထားမြေသားရေကန်ကိုအဓိကထားပြီး အသုံးပြုသုံးစွဲနေကြပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်ရန်တိရစ္ဆာန်အစာမြေနေရာသားပေါက်ရရှိမှုရောင်းချရန်ဈေးကွက်နှင့်အခြားဝန်ဆောင်မှုများရရှိနိုင်မှုအခြေအနေမှာအသင့်အတင့်ကောင်းမန်လွယ်ကူပါသည့်အနေအထားတွင်ရှိသော်လည်း ကုန်ကျစရိတ်နှင့်အသားဈေးမှာစီးပွားရေးအရတွက်ချက်ကိုက်ညီမှုမရှိသောကြောင့်တစ်နိုင်တစ်ပိုင် မွေးမြူရေးအသင့်အတင့် ရှိပါသည်။

လပွတ္တာမြို့သို့ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်း အတွက် စက်လှေနှင့်ဆန်စပါးများတင်ပို့ရောင်းချခြင်း ကို နွေရာသီတွင်ရောင်းချပါသည်။ ကျေးရွာ အတွင်းသို့ စက်လှေများလွယ်ကူစွာအလွယ်တကူဝင်ထွက်သွားလာနိုင်သည့် ကျေးရွာ အတွင်း မြစ်ချောင်းများရှိပါသည်။ ကုန်းလမ်းဆက်သွယ်ရေး အတွက် မြို့ပြနှင့်အခက်အခဲရှိပါသည်။ လပွတ္တာမြို့သို့ သွားရောက်ရန်အတွက် ကန်ဘက် မြစ်များ၊ချောင်းများခြားနေ၍ စက်လှေနှင့်လူသာသွားလာရသော အကျယ်တွင်ရှိသောကြောင့် အခြားယာဉ်များ ဖြတ်ကူး၍ မရသောကြောင့် ကုန်ပစ္စည်းများပို့ဆောင်ရာတွင်အခက်အခဲရှိသော ကြောင့် ရေလမ်းကြောင်း ကသာပို့ဆောင်ရပါသည်။

## (ခ) ကျေးရွာမီးလင်းရေး

ဆားမလောက်ကျေးရွာသည် မီးမရရှိသောအိမ်ထောင်စုမှာ ဆိုလာနှင့် ဘထရီအိုးတို့ကိုသာအားလုံးနီးပါးအသုံးပြုကြပါသည်။ ထိုကြောင့်တီဗွီကြည့်ခြင်း၊ မီးထွန်းခြင်း လောက်သာ အသုံးပြုနိုင်ပြီး အခြားစက်မှုလုပ်ငန်းများကို ကိုယ်ပိုင်မီးစက်များဖြင့် အသုံးပြုရပြီး ချက်ပြုတ်ရေး လုပ်ငန်းများကို ထင်းမီးနှင့်ဖွဲမီးစသည့် လောင်စာများကို အသုံးပြုရပါသည်။ ကျေးရွာ၏ ပညာရေးများ အတွက် အဆင်ပြေမည်ဖြစ်ပြီး ကျေးရွာ၏ လူနေမှုအဆင့် အတန်းမြင့်မားလာပါဖြစ်ပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဆားမလေးကောက်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၄၁)လုံး၊ ရေဒီယို (၇)လုံးနှင့် တီဗွီ(၁၃) စသည့်တို့ရှိသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်း အချက်အလက်များဆိုင်ရာနည်းပညာရရှိသော ပစ္စည်းများအတွက် အသင့်အတင့် ကောင်းမွန် ပါသည်။

## ၆။ ပညာရေး

ဆားမလေးကောက်ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ ကျောင်းသား/ သူများ မူလတန်းအဆင့်တွင်(၉၈)ဦးနှင့် အလယ်တန်းအဆင့်တွင် (၃၀)ဦးသာရှိပြီး အထက်ကျောင်းမရှိသောကျေးရွာများမှ လာရောက်တက်ရောက်ကြသောကျောင်းသားဦးရေ(၃၀)ရှိပြီး တက္ကသိုလ်ကောလိပ်ပညာရေးအားပုသိမ်မြို့သို့သွားရောက်တက်ရောက်ရပါသည်။ကျေးရွာအတွင်းရှိ ပညာသင်ယူနေသောကျောင်းသားကျောင်းသူများမှာ ကျေးရွာတွင်အလယ်တန်း ကျောင်း(ခွဲ) ကျောင်းရှိ၍ အဆင်ပြေသော်လည်း လာရောက်တက်ရသောအခြားကျေးရွားများမှကျောင်းသား/ သူများမှ သွားရေးလာရေးအခက်အခဲရ ရှိပါသည်။ကျေးရွာကျောင်းများ တွင် မသန်းစွမ်းသူများအတွက် ပညာသင်ကြားရေး အထူးအစီအစဉ်မရှိခြင်း၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာသုံးစွဲနိုင်မှုပြည့်စုံမှုမရှိခြင်းမှလွဲ၍ အခြားအခက်အခဲနှင့်ပြဿနာများ မရှိကြောင်း တွေ့ရှိရပါသည်။

ဆားမလေးကောက်ကျေးရွာ၏ကျောင်းတက်နှုန်းမှာ မူလတန်းအဆင့်မှ အလယ်တန်းအဆင့်တန်းခွဲထိ ကျေးရွာအတွင်း ကျောင်းရှိသောကြောင့် ကျောင်းနေအရွယ် ကလေးများ၏ ကျောင်းတက်နှုန်းမှာ တိုးတက်ကောင်းမွန်ကြောင်းလေ့လာတွေ့ရှိရပါသည်။ ဆားမလာက် ကျေးရွာသည် ပညာရေးနှင့်စာတက်မြောက်မှုအခြေအနေမှာ တစ်ရွာလုံးအတိုင်း အတာ နှင့်သုံးသပ် ပါကဝန်ထမ်းများပြည့်စုံစွာမရှိခြင်းကြောင့် ပညာသင်ယူမှုမှာအားနည်းကြောင့် လေ့လာတွေ့ ရှိရပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ဆားမလေးကောက်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ရှိသောကြောင့် ၎င်းကျေးရွာ၌တွင် သွားရောက်ကုသရပါသည်။ ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကျန်းမရေးပညာပေးအစီအစဉ် အခန်းများကိုလည်း လအလိုက် ပုံမှန်ဆောင်ရွက်ခြင်းများ ပြုလုပ်ကြသည်ကို တွေ့ရပါသည်။ သို့ရာတွင် အရေးပေါ်ကိစ္စများ အသုံးပြုရန် ကျေးရွာပိုင်ရေယာဉ်မရှိသည့်အတွက် မြို့နယ်ဆေးရုံများသို့ အရေးပေါ်ပို့ ဆောင်ပေးရမည့် လူနာများအတွက် အခက်အခဲများစွာရှိပါသည်။အရေးပေါ်လူနာများအတွက် (၂၀)မိုင် ဝေးသော

လပွတ္တာမြို့နယ်သို့ သွားရောက်ကုသရပါသည်။ကျေးရွာ၏ ကျန်းမာရေး အခြေအနေမှာတစ်ခါတစ်ရံ ရာသီဥတုအပြောင်းအလဲကြောင့် ရာသီတုတ်ကွေး ဖြစ်လေ့ရှိပါသည်။ ကျေးရွာအတွင်းရှိ(၂)လမှ (၁၈)လအထိ ကလေးများအား ကျေးလက်ကျန်းမာရေးဌာနခွဲ မှသားဖွား ဆရာမသည် လစဉ်ကာကွယ် ဆေးလာရောက်ထိုးနှံပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင် ကာကွယ် ဆေး နှင့်ညွှန်ကြားချက်အတိုင်း အချိန်မှတ်ထိုးနှံပေးပါသည်။ တခါတစ်ရံ မိုးရာသီ တွင် သွေးလွန် တုတ်ကွေး၊ဝမ်းပျက်ဝမ်းလျှော ရောဂါများကို နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်၍ ဆေးကုသမှုခံယူရပါသည်။ ကျေးရွာရှိကလေးများမှာ အာဟာရချို့တဲ့မှုမရှိပါ။ အများစုမှာ ကျန်းမာသန်းစွမ်းကြပါသည်။ကျန်းမာရေးတွက်စိုးရိမ်ဖွယ်ရာမရှိသောကျေးရွာဖြစ်ပါသည်။ပညာပေး ဟောပြောပွဲများ မပြုလုပ်နိုင်သော်လည်း ရာသီချိန်ဖြစ်တက်သော ရောဂါများနှင့် ပတ်သက်၍ ပညာပေးဟောပြောပွဲများ ပြုလုပ်လေ့ရှိပါသည်။

သာမန်လူနာများနှင့် သာမန်ရိုးရိုးမွေးလူနာများကိုလည်း ကျေးရွာရှိကျန်းမာရေးဌာန(ခွဲ)တွင် လာရောက်ကုသခြင်း၊ မွေးဖွားခြင်းတို့ကိုလည်း ပြုလုပ်ပေးပါသည်။ အကယ်၍ အရေးပေါ်အခြေ အနေများနှင့် ကြုံရလျှင်လည်း လပွတ္တာမြို့(၃)မိုင် ဆေးရုံသို့ လွှဲပြောင်း ကုသစေခဲ့ပါသည်။ ထိုသို့ လွှဲပြောင်းပေးရာတွင် ဆေးခန်းပိုင် လူနာလွှဲပြောင်းရန် (သွားရောက်ရန်) အရေးပေါ် ရေယာဉ်မ ရှိခြင်းကြောင့် လူနာများအတွက် အခက်အခဲများစွာရှိကြောင်းတွေ့ရှိရပါသည်။

ဆားမလောက်ကျေးရွာသည် အိမ်ထောင်စု (၁၃၃)ရှိပြီး သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲသူဦးရေမှာ (၈၄)လုံးရှိပါသည်။ အိမ်သာမရှိသော အိမ်ထောင်စုမှာ(၄၉)စုမှာ မိမိတို့နီးစပ်ရာ အခြား အိမ်ထောင်စု ပိုင်ယင်လုံအိမ်သာများကိုလည်း အသုံးပြုကြပါသည်။ တွင်းရှိသော အိမ်သာ(၈၄) လုံးရှိပါသည်။ ကျေးရွာသည် အိမ်သာနှင့်ပတ်သတ်သည့်ကျန်းမာရေး ကဏ္ဍများတွင် ဗဟုသုတနည်းပါးကြသည့်ကိုတွေ့ရှိရပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင်နှစ်စဉ် မိုးများသောကြောင့် ရေကြီးနစ်မြှုပ်မှုများဖြစ်ပေါ်ပါသည်။ ရေလွှမ်းမိုး သဖြင့် ကျေးရွာရှိ လယ်မြေသီးပင်များ ပျက်ဆီးဆုံးရှုံးမှုများရှိပါသည်။ ကျေးရွာရှိ ရွာသူ/ သားများ သည် ဘူးခွံ၊ ပလပ်စတစ်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်သည့် အလေ့အကျင့်မရှိသော ကြောင့် လည်း သဘာဝပတ်ဝန်းကျင်ညစ်နွမ်းရခြင်းဖြစ်ပါသည်။

ဆားမလောက်ကျေးရွာသည် ချောင်းကမ်းဘေးတွင်တည်ရှိနေသဖြင့် ချောင်းရေတိုက် စားမှုကြောင့် မြေများပြိုကျကာ ရွာလမ်းမကြီး ပြိုကျ၊ ပဲ့ကျမှုများ ရှိနေပါသည်။ သို့အတွက်ကြောင့် ထိုမြေပြိုကျ သောနေရာအား ရေကာ တိုင်များ စိုက်ထူပြီး သဲမြေဖြန့်ဖို့ခြင်း၊ အမှိုက်များ စွန့်ပစ်ခြင်း

တို့ပြုလုပ်ခဲ့ခြင်းကြောင့်ရွာလမ်းမမှာအတော်အသင့်ပြန်လည်ကောင်းမွန်ခဲ့သော်လည်းရေကြီးချိန်တွင် ရေရောက်ရှိမှုကြောင့် အမှိုက်များစုပြုံနေခြင်း၊ စွန့်ပစ်အမှိုက်များကြောင့် ပတ်ဝန်းကျင်ညစ်နွမ်းနေ မှုများရှိနေပါသည်။ လူနေအိမ်များတွင်လည်း စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်သည့် အလေ့ အထနည်းခြင်းတို့ကြောင့်လည်း သဘာဝပတ်ဝန်းကျင်ကို ညစ်နွမ်းစေသောအကြောင်းတစ်ရပ်ဖြစ် ပါသည်။ သို့ဖြစ်ပါ၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးပြီး အမှိုက်များစွန့်ပစ်ရန် နည်း လမ်းများ စနစ်တကျစွန့်ပစ်ရန် နေရာများကို ညွှန်ပြပေးခြင်းဖြင့် အမှိုက်များစနစ်တကျစွန့်ပစ် တက်လာပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နည်းလမ်းများအားလိုက်နာကျင့်သုံးတက် လာမည်ဖြစ်ပါသည်။

## ၉။ ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင်လူဦးရေးအားဖြင့် အမျိုးသား (၂၅၅)ဦး၊ အမျိုးသမီး (၂၆၉)ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သည့် လူဦးရေမှာ အမျိုးသား (၁၆၉)ဦး၊ အမျိုးသမီး (၁၂၈)ဦးရှိပါသည်။ ကျား/မ ရေးရာနှင့်ပတ်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ လယ်ယာစိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များတွင် နေ့စား၊ ပုတ်ပြတ်၊ လပြတ် စသည်ဖြင့် ဌားရမ်းလုပ်ကိုင်ကြပါသည်။တစ်ရက်လျှင် လုပ်အားခ အများဆုံးမှာ (၄၀၀၀ ကျပ်မှ ၇၀၀၀ ကျပ်)အထိ နေ့စားခ ရရှိ၍ အနည်းဆုံးလုပ်အားခ (၃၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်)အထိ ရကြပါသည်။ အလုပ်အကိုင်အနည်းငယ်သာရှိ၍ အများစုမှာအလုပ်လက်မဲ့ကျပန်း အလုပ်သမားများမှာ ရှာဖွေလုပ်ကိုင်ကြရပါသည်။ အမျိုးသမီးအများစု၏ ဝင်ရလုပ်ငန်းမှာ အလွန်နည်းပါကြပါသည်။

အမျိုးသမီးအများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်း စသော ကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း ကောက်စိုက်ခြင်း များလုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးထက် လုပ်အားခ ပိုမိုရရှိကြပါသည်။ ပုတ်ပြတ်လုပ်အားများတွင် တန်းတူအခွင့်အရေးရှိပါသည်။

စီမံအုပ်အုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများသည် အတွေ့အကြုံနည်းပါး၍ ပါဝင်မှုနည်းပြီး အမျိုးသားအများစုကသာ ဦးဆောင်ဦးရွက် အုပ်ချုပ်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှုနှင့်ပတ်သတ်၍ အရက်သေစာ သောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများမရှိပါ။ မူလတန်း ကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေး အထိ ကျား/မတန်းတူအခွင့်အရေး ရရှိပါသည်။

## ၁၀။ ဆားမလောက်ကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | အုတ်ဘောင်စီသဲခင်းခြင်း | ၁ |
| ၂ | အခြေခံအဆောက်အဦ | ဆိပ်ခံကွန်ကရစ်တံတား | ၂ |
| ၃ | ကျန်းမာရေး | ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ရန် | ၃ |
| ၄ | ပညာရေး | ကျောင်းဆောင်သစ် | ၄ |
| ၅ | အခြေခံအဆောက်အဦ | ကျေးရွာချောင်းကူးတံတား | ၅ |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

**စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (၁)**

| |
|---|
| **ကျေးရွာ - ဆားမလောက်**<br>**ကျေးရွာအုပ်စု - ဘောပေါက်**<br>**မြို့နယ် - လပွတ္တာ**<br>**တိုင်းဒေသကြီး/ပြည်နယ် - ဧရာဝတီ** |
| **စီမံချက်အမည် - မြေသားလမ်း (၁၂၂၀'×၆'×၆")အား အုတ်ဘောင်စီသဲခင်းလမ်း လမ်းအဆင့်သို့မြှင့်တင်ခြင်း** |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့)လက်ရှိအခြေအနေ**<br>. ယခုလက်ရှိလမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးကြီးသည့်အခါတွင် လမ်းပေါ်ရေကျော်ကာ ဗွက်အိုင်များ ဖြစ်ပေါ်၍ သွားလာရ ခက်ခဲပါသည်၊<br>. ကျောင်းသား/သူများ အနေဖြင့် လမ်းတွင်ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွား/ပြန် အခက်အခဲများရှိနေပါသည်၊<br>. ထိုအပြင် မိုးတွင်းကာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်၊ |
| **စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုမိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>. မိုးတွင်းကာလ မိုးကြီးသည့်အခါတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ဗွက်များ၊ ချိုင့်များမရှိစေရန်၊<br>. ကျောင်းသား/သူများ ပညာသင်ယူမှုတွင် သွားလာရ အဆင်ပြေစေရန်၊<br>. ကျန်းမာရေး အရေးပေါ်အခြေအနေများတွင် သွားလာရ အဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေးစေရန်၊ |
| **မျှော်မှန်းအကျိုးရလာဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**<br>. **အုတ်ဘောင်စီသဲခင်းလမ်း** ခင်းပြီးနောက် ရေကျော်မှုများ ကင်းဝေးပြီး ဗွက်များ၊ ချိုင့်များ မရှိသဖြင့် သွားလာ<br>မှု ပိုမို အဆင်ပြေလွယ်ကူလာမည်။<br>. ကျောင်းသား/သူများ ပညာသင်ယူမှုတွင် သွားလာရ အဆင်ပြေစေရန်။<br>. ကျန်းမာရေး အရေးပေါ်အခြေအနေများတွင် သွားလာရ အဆင်ပြေ၍ အသက်အန္တရာယ် ကင်းဝေးစေရန်။ |

| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)** |
|---|
| .ဆားမလောက်ကျေးရွာတွင်း မြေသားလမ်း (၁၂၂၀'×၆'×၆'')အား **အုတ်ဘောင်စီသဲခင်းလမ်း** အဆင့်သို့မြှင့်တင်ခြင်း<br>. |

| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ်(ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| . ၁၀၀၀၀၀၀ဝိ/- (ငွေသား)<br>. ၂၀၀၀၀၀ဝိ/- (ငွေသား) | **.** ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>. ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | | | | | **ပေါင်း** |
| **ကျေးရွာအဆင့်** | **၂၅၅** | **၂၆၉** | **၅၂၄** | ၁၃ | | ၂၀ | ၁၀၀ | **၁၃၃** |
| **အကျိုးခံစားမည့်သူဦးရေ** | **၂၅၅** | **၂၆၉** | **၅၂၄** | ၁၃ | | ၂၀ | ၁၀၀ | **၁၃၃** |
| မှတ်ချက်၊ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ-၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)** |
|---|
| **.** ဆားမလောက်ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ<br>. မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂)စီမံချက်စတင်မည့် အချိန်ခန့်မှန်း -၁၅-၁၀-၂၀၂၂** |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်- ၃၁ -၁၂-၂၀၂၂** |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်-** |
| . ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ ချပြဆွေးနွေးတိုင်ပင်ပါမည်။<br>. ကျောက်ချော |
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)** |
| **.** ဆားမလောက်ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ<br>. မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ** |

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲများ ဆောင်ရွက်ခွင့်ရှိပါက ဆောင်ရွက်သွားပါမည်။
- လမ်းအခြေအနေအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် အစီအစဉ်များရေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ရွာသူ/သား များ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့)စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

ဆားမလောက်ကျေးရွာ၊ဘေးပေါက်ကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး

လုပ်ငန်းကော်မတီစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဝင်းနိုင် | ဦးတင်ရှိန် | ၁၄/လပတ(နိုင်)၁၃၆၂၂၈ | ၅၇ | ဥက္ကဋ္ဌ | ၀၉-၇၉၂၉၈၂၅၄၉ |
| ၂ | ဒေါ်ခင်ငွေးဝင်း | ဦးမောင်ဆွယ် | ၁၄/လပတ(နိုင်)၁၇၇၄၈၉ | ၆၇ | အတွင်းရေးမှူး | ၀၉-၇၉၀၆၂၉၉၉၆ |
| ၃ | ဦးခင်သန်း | ဦးချစ်စိန် | ၁၄/လပတ(နိုင်)၁၅၉၀၈၉ | ၄၆ | ဘဏ္ဍာရေးမှူး | ၀၉-၇၆၂၃၀၀၉၉၀ |
| ၄ | ဦးသိန်းတန် | ဦးတင်စိန် | ၁၄/လပတ(နိုင်)၁၀၉၆၀၆ | ၅၅ | စာရင်းကိုင် | |
| ၅ | ဦးချစ်ထွေး | ဦးလှစော | ၁၄/လပတ(နိုင်)၁၃၆၂၀၄ | ၅၁ | အဖွဲ့ဝင် | ၀၉-၇၇၈၉၅၈၇၀၀ |
| ၆ | ဒေါ်ဝါဝါလှိုင် | ဦးကြည်သန်း | ၁၄/လပတ(နိုင်)၃၀၆၈၆၄ | ၂၄ | အဖွဲ့ဝင် | ၀၉-၇၆၃၃၉၆၈၂၃ |
| ၇ | ဒေါ်လွင်လွင်နိုင် | ဦးမြင့်ကြည် | ၁၄/လပတ(နိုင်)၃၀၈၂၃၅ | ၄၄ | အဖွဲ့ဝင် | ၀၉-၆၆၇၅၀၇၄၂၁ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၂ | ၃ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၇ | ၁၆ | ၃၃ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၃ | ၂၆ | ၄၉ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၃ | ၂၂ | ၄၅ | ၁ | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၈၂ | ၁၉၅ | ၃၇၇ | ၃ | ၂ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၉ | ၈ | ၁၇ | | |
| **စုစုပေါင်း** | | **၂၅၅** | **၂၆၉** | **၅၂၄** | **၄** | **၂** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၃၃** | | | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။**။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီ အရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)၁၈ နှစ်မ ပြည့်မီ အရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည် မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁ ၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့် အရွယ်များ ကိုဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။**။ ဆားမလောက်ကျေးရွာသည် အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိလူဦးရေများသော်လည်း အလုပ်လုပ်ကိုင်အတည်တကျမရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းတို့ကြောင့် မှီခိုသူများသကဲ့သို့ ဖြစ်နေသဖြင့် ဖွံ့ဖြိုးတိုးတက်မှုနောက်နေးခြင်းအနေအထား တို့တွေ့ရှိရကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၀ | ၃၀ | ၂ | ၁၂ | ၈ | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၀ | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ✔ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | | | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ✔ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၉၇ | ၁၃၇ | ၆ | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၂၉ | ၅၀ | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၃၃ | ၄၇၉ | | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်**
**လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။** ဆားမလောက်ကျေးရွာတွင်ရာသီအလိုက် လုပ်ကိုင်သူလူဦးရေများပြားနေခြင်းကြောင့် အလုပ်လုပ် ကိုင်အခွင့်အလမ်းရရှိမှုနည်းပါးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှောက်နှေးခြင်းတို့ ဖြစ်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | ၅၀၀၀ | ၁၀၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။။ ကျေးရွာမှာအလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်ကိုတွေ့ရှိရပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းချိန်တွင် လုပ်ကိုင်ကြပြီး အချိန်ကာလအားဖြင့် တစ်နှစ်ပတ်လုံး အစဉ်မပျက်လုပ်ကိုင်နေရခြင်းမျိုး မဟုတ်ပဲ လုပ်ငန်းရာသီချိန်အတွင်းလုပ်ကိုင်ရသည်ကိုလေ့လာတွေ့ရှိရပါသည်။**

**(၈-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၄၄၂ | ကောင်း ☐ သင့်✔ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | ၂၆ | ကောင်း ☐ သင့်✔ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | ၅ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၄၇၃ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာ**

မြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။ ကျေးရွာသည် အဓိကဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သောကြောင့် မြေဆီလွှာ အရည်အသွေးဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်၍ စိုက်ပျိုးလဉ်ကေပိုင်ဆိုင်မှုမှာ(၄၄၂)ကေနှင့် ဓနိတောမြေမှာ (၁)၊ဉယျာဉ်ခြံမြေမှာ(၂၆)ကေနှင့်ဓနိမြေ(၅)ကေရှိပြီး မြေလပ်မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✔ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐မရှိ ✔ | လွယ် ☐ ခက် ✔ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ✔ အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ✔ နည်း ☐ မရှိ ✔ | လွယ် ✔ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ✔ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ✔ နည်း ☐ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |
